# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 2 , 2023 Volume 62, Number 1


၂.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = Close |
| မြန်မာ့ရွှေဈေး | = ၂၇၀၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၃.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၅.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၂၃ ခုနှစ်အကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း ပြည်ပပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်းမွန်နေ

၂၀၂၃ ခုနှစ်အကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ပြည်ပပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

၂၀၂၂ ခုနှစ်အကုန် နှစ်သစ်ကူးပြောင်းချိန်ကာလတွင် ပြည်ပဈေးကွက်ဝင်ပို့ကုန်များဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့်ဆီထွက်သီးနှံများ အရောင်းအဝယ်ပိုမိုကောင်းမွန်နေကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူအချိန်က မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှင့် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ သာ ရှိခဲ့သော်လည်း ယခုနှစ်လက်ရှိအချိန်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ နှင့် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော်ဈေးတို့ဖြင့် အရောင်းအဝယ်များကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

"ဈေးကွက်ထဲမှာတော့ ပြီးခဲ့တဲ့နှစ်ထက်စာရင် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေ ဈေးကောင်းရနေတယ်။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ ပဲတီစိမ်းနဲ့ မြေပဲဆန်တွေလည်း ဈေးကောင်းရရှိနေတယ်။ ဒီနှစ်ရာသီဥတုက အသင့်အတင့် ကောင်းမွန်တာကြောင့် သီးနှံတွေလည်း ပုံမှန်အတိုင်း ထွက်ရှိလာပါတယ်။ ခုချိန်မှာ ပြီးခဲ့တဲ့နှစ်ကာလတူက ပေါ်ဦးပေါ်ဖျားဈေးတွေထက် ၃၀ ရာခိုင်နှုန်းလောက် မြင့်တက်လာပါတယ်။ လက်ရှိမှာ ပြည်ပပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ပဲယင်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲလွန်းဖြူတွေအားလုံး ထွက်ရှိလာပါတယ်။

လာမယ့် ၂၀၂၃ ခုနှစ်မှာ ဖောက်သည်နိုင်ငံတွေကလည်း ဝယ်ယူမှုတွေတိုးတက်များပြားပြီးတော့ စဉ်ဆက်မပြတ်တင်မကဘဲ ပိုမိုဝယ်ယူမှုတွေလည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာမြန်မာနိုင်ငံဟာ စိုက်ပျိုးရေးထွက်ကုန်တွေနဲ့ နိုင်ငံစီးပွားရေး ဦးမော့လာလိမ့်မယ်လို့ ခန့်မှန်းပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝင် ပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ ဈေးကွက်သို့ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ ယင်းပဲသီးနှံများကို မန္တလေး၊ စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်ရာသီသာ စိုက်ပျိုးကြကြောင်းလည်း သိရသည်။

**Source:** https://www.myawady.net.mm/node/34792

## ၂၀၂၂ ခုနှစ်အတွင်း ပြည်ပသို့ ကဏန်းပျော့ လစဉ်တန်ချိန် ၄၀ တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့



၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ ကဏန်းပျော့ လစဉ်တန်ချိန် ၄၀ တင်ပို့ခဲ့ပြီး ၂၀၂၁ ခုနှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရှိ ကဏန်းပျော့မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြည်တွင်းကနေ ပြည်ပကို ကဏန်းပျော့တင်ပို့မှုက ပုံမှန်အတိုင်းတင်ပို့မှုရှိနေပါတယ်။ လက်ရှိကတော့ ကဏန်းပျော့ 1 kg ကို အမေရိကန်ဒေါ်လာ ၉ ဒေါ်လာကနေ ၁၁ ဒေါ်လာအထိ ဈေးနှုန်းရှိတယ်။ အရင်က တစ်လကို ကဏန်းပျော့တန် ၂၀ လောက်ပဲ ပြည်ပကိုတင်ပို့နိုင်တယ်။ ၂၀၂၂ ခုနှစ်မှာတော့ တစ်လကို တန် ၄၀ လောက်အထိ တင်ပို့လာနိုင်ပါတယ်ဟု ၎င်းကပြောသည်။

ကဏန်းပျော့များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း၊ လက်ရှိတွင် သဘော်ာအအေးခန်းကွန်တိန်နာ အခက်အခဲမရှိတော့သော်လည်း ကွန်တိန်နာဈေးနှုန်းမှာ ယခင်ကထက် များလာသောကြောင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အမြတ်ရရှိမှုနည်းပါးကြောင်း သိရသည်။

ကဏန်းပျော့က ပြည်တွင်းမှာရောင်းတာထက် ပြည်ပကိုတင်ပို့တာ ပိုပြီးတွက်ခြေကိုက်တယ်။ ထုတ်လုပ်မှုစရိတ်နဲ့ဆိုရင် 1KG ကို ငွေကျပ်သုံးသောင်းလောက်ရမှ ရောင်းလို့ရတဲ့အတွက် ပြည်တွင်းမှာရောင်းရင် မကိုက်ဘူးဟု ၎င်းကပြောသည်။ ကဏန်းပျော့ကို ရန်ကုန်တိုင်းဒေသကြီးအပြင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့၌လည်း မွေးမြူကြောင်းနှင့် စတင်မွေးမြူပြီး ခြောက်လခန့်ကြာပါက ရောင်းတမ်းဝင်ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/34886

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွက် အထူးဈေးကွက်သုံးသပ်ချက်များ




၂၀၂၂ ခုနှစ်မှာတော့ သီးနှံမျိုးစုံက ဈေးတွေမြင့်တက်လာခဲ့ ပါတယ်။ ငွေသားထုတ်ယူမှု ခက်ခဲခြင်း၊ ကျပ်ငွေဈေးကျဆင်းခြင်း၊ ကိုဗစ်ရောဂါကြောင့် ကုန်သွယ်မှုပိတ်ထားရခြင်းများဖြစ်ပေါ်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်လာခြင်း၊ ဓာတ်မြေဩဇာဈေးများ မြင့်တက်လာခြင်း၊ စက်ဆီများမြင့်တက်လာခြင်းများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထို့ပြင် ရုရှ-ယူကရိန်းစစ်ပွဲကြောင့် ကမ္ဘာ့စားနပ်ရိက္ခာသီးနှံတွေ ဆက်တိုက်ဆိုသလို မြင့်တက်လာခဲ့ပြီး ပြည်တွင်းမှာပါ ရိုက်ခတ်မှုတွေဖြစ်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ နဲ့ နှိုင်းယှဉ်ရင်တော့ ပြည်ပတင်ပို့တင်သွင်းမှုတွေ ရှိလာခဲ့ပေမယ့် အချို့သီးနှံတွေကလည်း ပြန်လည်စမ်းသပ်တင်ပို့မှုတွေ ပြုလုပ်လာခဲ့ပါတယ်။

**ဆန်စပါး**

ဆန်စပါးဈေးကတော့ ယခုနှစ်မှာ စံချိန်တင်ဈေးမြင့်တက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ နိုင်ငံရေးအခြေအနေကြောင့် ပြည်တွင်းဝယ်ယူစားသုံးသိုလှောင်မှု များပြားလာသလို ထွက်ရှိမှုနှုန်းလည်း လျော့ကျခဲ့တယ်လို့ သိရပါတယ်။

ထို့အပြင် နေရာအနှံ့အပြား မီးပြတ်မှုကြောင့်ဆန်စက်တွေအထိနာခဲ့ပြီး သယ်ယူပို့ဆောင်စရိတ် မြင့်တက်မှုကြောင့် စပါးဈေးတွေ မြင့်တက်လာခဲ့တာလည်းဖြစ်ပါတယ်။ ဓာတ်မြေဩဇာဈေးကလည်း ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်ကတည်းက မြင့်တက်နေခဲ့တာဖြစ်ပြီး လက်ရှိမှာ တစ်အိတ် ၁ သိန်းကျော်ထိမြင့်တက်မှုကြောင့် စပါးစိုက်တောင်သူတွေအနေနဲ့ စိုက်စရိတ်ရှုံးတဲ့အထိ ဖြစ်ခဲ့ပါတယ်။

ထို့သို့ ဈေးတွေ မြင့်တက်လာခဲ့တဲ့အတွက် ဆန်စပါးအသင်းမှ ဈေးနှုန်းသတ်မှတ်ရောင်းချပေးခဲ့ပြီး အရန်ဆန်စီမံကိန်းကို ဆောင်ရွက်ခဲ့ပေမယ့် ဈေးတွေကတော့ ဆက်တိုက်မြင့်တက်နေခဲ့ပါတယ်။

TIR

ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ မိုးစပါးနွေစပါးစိုက်ပျိုးမှု က ၁၇ ဒသမ ၃၁ ထိ စိုက်ပျိုးနိုင်ခဲ့ပေမယ့် ၂၀၂၀-၂၀၂၁ ခုနှစ်မှာတော့ မိုးစပါးနွေစပါးစိုက်ပျိုးမှုက ဧက ၁၇ သန်းထိလျော့ကျခဲ့ပြီး ယခု ၂၀၂၁-၂၀၂၂ မှာတော့ ပိုပြီးလျော့ကျနိုင်တယ်လို့ ကုန်သည်အများစုက ခန့်မှန်းထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှာ ဆန်ချောတွေဖြစ်တဲ့ ပေါ်ဆန်း(ဖျာပုံ၊ဒေးဒရဲ၊မြောင်းမြ၊ပုသိမ်၊နယ်စုံ) တို့က တစ်အိတ်ကို ၄၃၀၀၀ ကနေ ၅၀၀၀၀ကြားပေါက်ဈေးရှိခဲ့ပေမယ့် ယခု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာတော့ တစ်အိတ်ကို ၆၀၀၀၀ ကနေ ၆၅၀၀၀ ကြား အရောင်းအဝယ်ရှိနေပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်နှင့် ၂၅ မှတ်တန်ဆန်တို့ကလည်း ပြီးခဲ့တဲ့နှစ်က တစ်အိတ်ကို အမြင့်ဆုံးဈေး ၂၃၅၀၀ ရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ တစ်အိတ်ကို အမြင့်ဆုံးဈေး ၄၇၀၀၀ထိ မြင့်တက်လာခဲ့ပါတယ်။

ပထမတန်းစားစပါးတွေဖြစ်တဲ့ ပေါ်ဆန်းစပါးတွေကလည်း ပြီးခဲ့တဲ့နှစ်က တင်း ၁၀၀ ကို အမြင့်ဆုံးဈေး ၉ သိန်းခွဲအထိ မြင့်တက်ခဲ့ပြီး ယခုနှစ်မှာတော့ ၁၆ သိန်းအထိ မြင့်တက်လာခဲ့ပါတယ်။ဒုတိယတန်းစားစပါးတွေကလည်း ပြီးခဲ့တဲ့နှစ်က အမြင့်ဆုံးဈေး ၆၈၀၀၀၀ ထိရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ တင်း ၁၀၀ ကို ၁၃ သိန်းထိ မြင့်တက်လာခဲ့ပါတယ်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း ဆန်တစ်အိတ်ကို ၂၅၀၀၀ ကျော်မြင့်တက်လာခဲ့သလို စပါးတင်း ၁၀၀ ကို ၈ သိန်းနီးပါး ဈေးမြင့်တက်လာခဲ့ပါတယ်။

လက်ရှိ မြန်မာ့ဆန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်၊ ပိုလန်၊ ဘယ်ဂျီယံ၊ ဖိလစ်ပိုင်နိုင်ငံတို့ကိုတင်ပို့နေပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံကို အများဆုံးတင်ပို့နေတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရပါတယ်။ တင်ပို့မှုကလည်း ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် ဆန်နဲ့ဆန်ကွဲတင်ပို့မှုက တန်ချိန် ၁ သိန်း ၂ သောင်းကျော် ပိုမိုတင်ပို့ထားတယ်လို့ သိရပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့ နှစ်နဲ့နှိုင်းယှဉ်ရင် အများကြီးပြောင်းလဲသွားတာမျိုးမရှိပေမယ့် ငွေသားထုတ်ယူရန်ခက်ခဲခြင်း၊သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်း၊ငွေကြေးလဲလှယ်နှုန်းမြင့်တက်ခြင်းတို့ကြောင့် ဈေးက ကျဆင်းသွားတာမျိုးမရှိပါဘူး။

အိန္ဒိယနိုင်ငံတင်ပို့မှုက လည်း ပုံမှန်ရှိနေပေမယ့် ပဲဈေးက ငွေကြေးလဲလှယ်ဈေးနှုန်း၊ ပြောင်းလဲနေတဲ့ ဗဟိုဘဏ်မူဝါဒနဲ့ အိန္ဒိယနိုင်ငံရဲ့ မြန်မာ့ငွေကြေးဈေးကွက်ကို စောင့်ကြည့်ဝယ်ယူမှုကြောင့် အတက်အကျကတော့ များတဲ့နှစ်လည်း ဖြစ်ပါတယ်။

ဈေးတွေမြင့်တက်နေခဲ့ပေမယ့် နောက်ဆက်တွဲ စိုက်စရိတ်မြင့်တက်မှုတွေကြောင့် ဈေးကောင်းရရှိတယ်လို့ သတ်မှတ်လို့မရပါဘူး။ပဲတင်ပို့မှုကတော့ ယခု ၂၀၂၂ ခုနှစ်မှာ မတ်ပဲက တင်ပို့မှုအများဆုံးနဲ့ တန်ချိန် ၄ သိန်း ၅ သောင်းကျော်အထိ တင်ပို့ထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းတွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှာ မတ်ပဲက တစ်တန်ကို အမြင့်ဆုံးဈေး ၁၅ သိန်းထိရှိခဲ့ပြီး ယခုနှစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာတော့ တစ်တန်ကို အမြင့်ဆုံးဈေး ၁၇ သိန်း ထိပေါက်ဈေးရှိနေပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကတော့ အိန္ဒိယနိုင်ငံက ၂၀၂၅-၂၀၂၆ ခုနှစ်အထိ နှစ်စဉ်ပဲတန်ချိန် တစ်သိန်းခန့်ဝယ်ယူသွားဖို့ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးထားတဲ့အတွက် လက်ရှိပေါက်ဈေးထက် ကျဆင်းနိုင်ခြေမရှိဘူးလို့ ကုန်သည်အများစုကတော့ သုံးသပ်ထားပါတယ်။

၂၀၂၂ ခုနှစ်အတွင်းမှာတော့ အဓိကငွေကြေးလဲလှယ်နှုန်းထားမြင့်တက်မှုတွေကြောင့် ဆက်တိုက်မြင့်တက်ခဲ့ပေမယ့် ပြည်တွင်းပဲထွက်ရှိမှုနှုန်း လျော့နည်းတဲ့အတွက် ထပ်မံပြီး မတ်ပဲဈေးကောင်းရရှိခဲ့ပါတယ်။ ပြည်ပတင်ပို့မှုကလည်း ယခုနှစ်က တန်ချိန် ၁ သိန်းနီးပါးသာ တင်ပို့နိုင်တယ်လို့ စာရင်းများအရ သိရပါတယ်။

အတက်အကျကလည်း အများကြီးပြောင်းလဲသွားတာမျိုးမရှိပါဘူး။ အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံနီထွက်ရှိမှုနှုန်းက လျော့နည်းတယ်လို့ ထုတ်ပြန်ထားတဲ့အတွက်ကြောင့် ပဲစင်းငုံနီကတော့ လာမယ့်နှစ်မှာလည်း ကာလရှည်ဈေးကွက်မှာ

ဈေးကောင်းရနိုင်မယ်လို့ ခန့်မှန်းထားပေမယ့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှာ ပဲစင်းငုံနီက အမြင့်ဆုံးဈေး တစ်တန်ကို ၁၂ သိန်းထိပေါက်ဈေးရှိခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာတော့ တစ်တန်ကို ၁၇ သိန်း ခွဲ ထိ ဈေးရရှိနေပါတယ်။

**ကုလားပဲ**

ကုလားပဲကလည်း ဈေးတွေမြင့်တက်လာခဲ့ပါတယ်။ တပ်ရိက္ခာအတွက် ဝယ်ယူမှုများခဲ့ပြီး ပုံမှန်ထက်ဈေးကောင်းပေး ဝယ်ယူမှုတွေရှိခဲ့တယ်လို့သိရပါတယ်။ ကုလားပဲထွက်ရှိတဲ့ ဒေသအချို့မှာလည်း တိုက်ပွဲတွေကြောင့် စိုက်ပျိုးမှုလျော့နည်းခဲ့ပြီး ထွက်ရှိနှုန်းတွေလည်းလျော့ခဲ့တယ်လို့ ကုန်သည်တွေကဆိုပါတယ်။ ထို့ပြင် ပြည်ပတင်သွင်းမှုလျော့နည်းတဲ့အတွက် ပြည်တွင်းကုလားပဲဈေးတွေ လက်ကျန်ပြတ်တဲ့အထိ အရောင်းသွက်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ ကုလားပဲမျိုးစုံတစ်အိတ်ကို အမြင့်ဆုံးဈေး ၁၄၀၀၀၀ ထိရှိခဲ့ပေမယ့် ဒီနှစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာတော့ တစ်အိတ်ကို အမြင့်ဆုံးဈေး ၂၀၀၀၀၀ ထိ ရောက်ရှိနေပါတယ်။

**ပြောင်း**

ပြောင်းကတော့ တရုတ်တင်ပို့မှုမရှိပေမယ့် ထိုင်းနိုင်ငံကို အခွန်လွတ်တင်သွင်းခွင့်ရခဲ့တာကြောင့် ဒီနှစ်မှာလည်း ပြောင်းစိုက်တောင်သူတွေအနေနဲ့ ဈေးကောင်းရရှိခဲ့ပါတယ်။

၂၀၂၂ ခုနှစ် လလယ်ပိုင်းကတော့ ထိုင်းနိုင်ငံဘက်က ဂိတ်တွေပိတ်လိုက်တဲ့အတွက် ပြောင်းဈေးဟာ ရပ်တန့်လုနီးပါး ဖြစ်ပေါ်ခဲ့ပြီး ဈေးတွေလည်း ကျဆင်းသွားခဲ့ပါတယ်။

ပြောင်းဈေးက တစ်အိတ်ကို ငွေကျပ် ၇ သောင်းအထိ ပြန်လည်မြင့်တက်လာခဲ့ရာမှ အစိုးရက ပြောင်းနဲ့ဆက်စပ်ပြီး ပို့ကုန်လိုင်စင်လျှောက်ထားရမယ်ဆိုတဲ့အချက်တွေကြောင့် ပြောင်းဈေးက ပြန်လည်ကျဆင်းသွားခဲ့ပြီး ငွေဈေးတည်ငြိမ်မှု မရှိတာ ကုန်သွယ်ရေးအခက်အခဲတွေနဲ့ သယ်ယူပို့ဆောင်စရိတ်မြင့်မားမှုတွေကြောင့် တစ်နှစ်ပတ်လုံး အတက်အကျ ကြမ်းကြမ်းနဲ့ရှိနေခဲ့ပါတယ်။

လက်ရှိမှာတော့ ပြောင်းတွေလည်း အသစ်ပေါ်ချိန်ဖြစ်နေပြီး တရုတ်ဘက်မှ ပြန်ဝယ်ယူမှုတွေရှိလာတဲ့အတွက် ဈေးကတော့ အတက်ဈေးနဲ့ရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှာ ပြောင်းကတစ်အိတ်ကို အမြင့်ဆုံးဈေး ၃၆၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ယခု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာတော့ ပြောင်းတစ်အိတ် အမြင့်ဆုံးဈေး ၆၀၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**AMIA**

**Source:** https://t.me/htwettoe

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း ပြည်ပသို့ ပဲမျိုးစုံ ၁၁၆၉၈၆၁ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၉၁၇ ဒသမ ၆၉၁ သန်းရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှစ်လခွဲအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲမျိုးစုံ ၁၁၆၉၈၆၁ တန်ကျော်တင်ပို့မှုမှ ဒေါ်လာ ၉၁၇ ဒသမ ၆၉၁ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၆ရက်အထိ ပင်လယ်ရေကြောင်းမှ ၁၀၁၀၂၆၅ ဒသမ ၄၆၃ တန်တင်ပို့မှုမှ ဒေါ်လာ ၈၀၆ ဒသမ ၇၁၇ သန်း၊ နယ်စပ်မှ ၁၅၉၅၉၅ ဒသမ ၇၈၃ တန် တင်ပို့မှုမှ ဒေါ်လာ ၁၁၀ ဒသမ ၉၇၄ သန်းဖြင့် စုစုပေါင်းတန်ချိန် ၁၁၆၉၈၆၁ ဒသမ ၂၄၆ တန် တင်ပို့မှုမှ ဒေါ်လာ ၉၁၇ ဒသမ ၆၉၁ သန်းရရှိခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242500

## အောင်လံဆီးသီး လှိုင်လှိုင်ဝင်ပြီး ဈေးကောင်းရနေ




မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့မှာ လက်ရှိဆီးသီးအဝယ်ဒိုင်တွေဆီကို ဆီးသီးတွေ လှိုင်လှိုင်ဝင်ရောက်နေပြီး ဈေးကောင်းလည်းရရှိနေတယ်လို့ ဆီးသီးအဝယ်ဒိုင်တွေဆီကသိရပါတယ်။

အရင်နှစ်က ဆီးသီးတစ်တင်းကို ငွေကျပ်နှစ်ထောင်ဈေးသာရရှိခဲ့ရာကနေ အခုနှစ်မှာတော့ ဆီးသီးတစ်တင်းကို ငွေကျပ်ခြောက်ထောင့်ငါးရာကနေ ခုနစ်ထောင်ဈေးအထိ ဈေးရရှိနေတယ်လို့ အောင်လံမြို့က ဆီးသီးအဝယ်ဒိုင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်တဲ့ ဦးဝင်းစိုးကပြောပါတယ်။

ဆီးသီးပင်တွေဟာ ယာခင်းခြံစည်းရိုးနဲ့ ယာခင်းအတွင်းတွေမှာ အလေ့ကျပေါက်နေတာဖြစ်ပြီး ဆီးသီးပေါ်ချိန်မှာတော့ တောင်သူတွေအတွက် အပိုဝင်ငွေအဖြစ်ရရှိနေတာပါ။ အဲဒီယာခင်းခြံစည်းရိုးနဲ့ ယာခင်းတွေကနေ ဆီးချိုသီးနဲ့ ဆီးချဉ်သီးဆိုပြီး နှစ်မျိုးထွက်ရှိတယ်လို့လည်း သိရပါတယ်။

အောင်လံဆီးသီးအဝယ်ဒိုင်တွေဆီကို အခုအခါ အောင်လံဒေသထွက် ဆီးသီးတွေအပြင် ဆင်ပေါင်ဝဲမြို့နယ်နဲ့ သရက်မြို့နယ်ကျေးရွာတွေက ထွက်ရှိတဲ့ဆီးသီးတွေဟာ ရေလမ်းကုန်းလမ်းကနေ လှိုင်လှိုင်ဝင်ရောက်နေတာပါ။ အဲဒီဆီးသီးတွေကို ဆီးခွဲစက်တွေနဲ့ အခွံချွတ်ပြီး ဆီးဆန်တွေကိုတော့ တရုတ်နိုင်ငံကို တင်ပို့နေရတယ်လို့ ဆီးသီးအဝယ်ဒိုင်တွေဆီက သိရပါတယ်။

ဤဆောင်းပါးနှင့်ပုံအား One News Myanmar မှကူးယူဖော်ပြပါသည်။

https://t.me/htwettoe

## ဒီဇင်ဘာနောက်ဆုံးပတ် မန္တလေးကုန်စည်ဒိုင်၏ မြေပဲဈေးနှုန်းဈေးကွက်

မန္တလေးကုန်စည်ဒိုင်သို့ ရေနံချောင်း၊ ချောက်၊ ညောင်ဦးဘက်မှ ကုန်းမြေပဲဆန်အသစ်များ ဝင်ရောက်နေပြီး၊ မြေပဲလုံးဆန်များကို တရုတ်မှဝယ်ယူနေပြီး၊ ဆီဆန်များကို ဆီစက်များမှဝယ်ယူလျှက်ရှိကြောင်းသိရသည်။

**မြေပဲလုံးဆန်(ဖြူ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၂၀၀ မှ ၅၃၀၀၊ ယခင်တစ်ပတ် ကျပ် ၅၂၀၀ မှ ၅၇၀၀၊ ယခင်လ ကျပ် ၅၁၀၀ မှ ၅၂၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက်ကျပ် ၁၀၀ မြင့်တက်လာသည်။

**မြေပဲလုံးဆန်(အနီ)**တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၆၂၀၀ မှ ၆၃၀၀ ၊ ယခင်တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၇၀၀ ၊ ယခင်လ ကျပ် ၆၇၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၄၀၀ ၊ ယခင်လထက် ကျပ် ၄၅၀ နိမ့်ကျလာသည်။

**မြေပဲ(ဆီဆန်)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၄၆၀၀ မှ ၄၇၀၀ ယခင်တစ်ပတ် ကျပ် ၄၆၀၀ မှ ၄၇၀၀၊ ယခင်လကျပ် ၄၆၀၀ မှ ၄၈၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုန်ဌာန

## ကွမ်းခြံကုန်းမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထုတ်ကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံ– ကျုံကဒွန်း – ဒေါ်ညိမ်း– အမာလမ်းပေါ်ရှိ တံတားဦးစီး ဌာန တံတား အထူးအဖွဲ့(၁၅) မှ တည်ဆောက်နေသည့် ဘားလားတူးမြောင်းတံတား၊ ဘားလားချောင်း တံတားဟောင်းတံတားနှင့် ဖက်လက်တံတားတည်ဆောက်ရေး စီမံကိန်းနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းမြင့်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လျာထားလုပ်ငန်းများအား အချိန်မီပြီးစီးအောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးလုပ်ငန်း၊ ဆောင်ရွက်ဆဲလုပ်ငန်းနှင့်ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအလိုက် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုရန်၊ သတ်မှတ်ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းပြည့်မီရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့ရှောင်လမ်း (0 Km မှ 4.02 Km အတွင်း) ၂၄ ပေအကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ကွမ်းခြံကုန်းမြို့ရှောင်လမ်းကို ၂၀၁၉ ခုနှစ် မှစတင်ဖောက်လုပ်၍ ၂၀၂၃ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။ ကွမ်းခြံကုန်းမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ထုတ်ကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ သွင်းကုန်များကိုလည်း ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များအနှံ့ လွယ်ကူစွာဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/34809

## အင်ဒိုနီးရှား စားအုန်းဆီတင်ပို့မှု ပြန်တင်းကျပ်



အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့မှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ တင်းကျပ်လိုက်သည်။

ပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ပြည်တွင်းရောင်းချမှုပမာဏ၏ ၈ ဆ အထိ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုခြင်းအစား ၆ ဆသို့ အချိုးအစား လျှော့ချလိုက်သည်။ ပြည်တွင်းဖူလုံရေးကိုရှေ့ရှုပြီး ပြင်ဆင်သတ်မှတ်ခြင်းဖြစ်သည်။ "အထူးသဖြင့် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်အတွက် ပြည်တွင်းထောက်ပံ့မှုကို ဖူလုံစေရန်" ဟု ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာ ညှိနှိုင်းရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Septian Hario Setio က ပြောကြားသည်။

စားသုံးဆီရရှိနိုင်မှုနှင့် ဈေးနှုန်းများအပါအဝင် ပြည်တွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အချိုးအစားကို အချိန်အခါအလိုက် အကဲဖြတ်မည်ဖြစ်ကြောင်း Seto မှ ပြောကြားခဲ့သည်။

ဟင်းချက်ဆီဈေးနှုန်းများ ထိန်းမနိုင်သိမ်းမရဖြစ်မည်ကို စိုးရိမ်မှုများကြောင့် အင်ဒိုနီးရှားသည် ၂၀၂၂ ခုနှစ် နှစ်အစောပိုင်းတွင် စားအုန်းဆီထွက်ကုန်များအပေါ် ပို့ကုန်အစီအမံများကို စတင်ပြဋ္ဌာန်းခဲ့ပါသည်။

အင်ဒိုနီးရှားမှ စားသုံးဆီများတင်ပို့မှု ခေတ္တပိတ်ပင်လိုက်ခြင်းကြောင့် ဈေးကွက်ကို တုန်လှုပ်စေခဲ့သည်။ လက်ရှိကမ္ဘာ့စားသောက်ကုန် ပြတ်လပ်မှုအပေါ် စိုးရိမ်ပူပန်မှုများကို ပိုမိုဆိုးရွားစေခဲ့သည်။ သို့သော် ပြည်တွင်းမှာ ဆီများသိုလှောင်ရန် နေရာမရှိတော့သည်အထိ ပိုလျှံကုန်သည်။

အင်ဒိုနီးရှားသည် လက်ရှိတွင် ပြည်တွင်းဈေးကွက်တာဝန် domestic market obligation (DMO) ဟု ခေါ်သော အစီအမံကို ပြည်ပပို့ကုန် စားအုန်းဆီအပေါ်ကျင့်သုံးသည်။ ပြည်တွင်းဈေးကွက်တွင် သတ်မှတ်ထားသည့်ပမာဏ အချိုးအစားကို တာဝန်ကျေအောင်ရောင်းချမှ ပို့ကုန်ပါမစ်များ ရရှိမည်ဖြစ်သည်။

**Source: ajazeera**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5553-indonesia-to-tighten-palm-oil-exports.html

## အိန္ဒိယပေါင်းဆန်၊ ဗီယက်နမ်ဆန်နှင့်ထိုင်းဆန်ဈေးနှုန်းများ



အိန္ဒိယပြည်ပပို့ကုန် ဆန်ဈေး ယခုသီတင်းပတ်အတွင်း ခိုင်မာသော ဝယ်လိုအားကြောင့် ဈေးတက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကန့်သတ်ချက်တွေကို ဖြေလျှော့လိုက်တဲ့ တရုတ်ပြည်ရဲ့ အခြေအနေကြောင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုတိုးလာဖို့ မျှော်လင့်တာကြောင့် ဗီယက်နမ်မှာ ငါးလကျော်ကာလအတွင်း ပြည်ပပို့ကုန် ဆန်ဈေး အမြင့်ဆုံးကို ရောက်သွားပါတယ်။

၅% ဆန်ကွဲပါ အန္ဒိယပေါင်းဆန် <RI-INBKN5-P1> အမျိုးအစား ခေါ်ဈေး တစ်တန် $375 ~ $382 ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ $374 ~ $380 ဖြစ်ခဲ့ပါတယ်။ ဆန်သစ်တွေ ဝင်လာနေတာကြောင့် ဈေးပြန်ကျနိုင်ပါတယ်။

ဆန်တင်ပို့သူများအသင်း Rice Exporters Association ဥက္ကဋ္ဌ B.V. Krishna Rao က ပို့ကုန်ပေါင်းဆန် ဝယ်လိုအားက ဆန်ဖြူထက် ပိုကောင်းနေတယ်။ အန္ဒိယဆန်တွေက အခြားနိုင်ငံမှ ဆန်တွေကို ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ရှိနေဆဲဖြစ်ကြောင်း ပြောကြားပါတယ်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> တစ်တန် $458 ခေါ်ဈေး ရှိပါတယ်။ ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်း ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က $448-$453 ဖြစ်ပါတယ်။ တရုတ်ပြည်သို့ ဆန်တင်ပို့မှု ပိုများလာမယ်လို့ မျှော်မှန်းထားကြပါတယ်။ ၂၀၂၂ ဗီယက်နမ်ဆန် ပြည်ပတင်ပို့မှု တန်ချိန် ၇.၂၂ သန်း ရှိမယ်လို့ ခန့်မှန်းပါတယ်။


၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစားခေါ်ဈေး တစ်တန် $452-$465 ရှိပြီး ယခင်သီတင်းပတ်မှာ $452-$460 ဖြစ်ပါတယ်။ ဘတ်ငွေ ပြန်မာလာတဲ့အတွက် ဆန်ဈေးမြင့်တက်လာမှာ ဖြစ်ပါတယ်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5551-weekly-asia-rice-dec-end.html

TIR

## STOCK EXCHANGE (2.1.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 2nd Jan. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,351 (Shares) | 7,851,300 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,700 | 8,900 | 8,700 | 121 | 1,064,300 | 33,109,694 | 291,365 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,250 | 3,300 | 3,250 | 718 | 2,337,200 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 2 | 15,400 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 156 | 2,964,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 122 | 329,400 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 4,900 | 232 | 1,141,000 | 10,497,598 | 52,488 |


## Market summary

As of 2nd Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.72 | -1.90 | -0.48% | 395.50 | 396.02 | 391.09 | 1,351 | 7,851,300 | 7 | 686,655 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 02nd Jan. 2023

| Trading Volume | Trading Value |
|---|---|
| 1,351 (Shares) | 7,851,300 (MMK) |

### Main Board

As of 1:00 pm, 2nd Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,351 (Shares) | 7,851,300 (MMK) |

| MYANPIX | 394.72 ▼ 1.90 |
|---|---|
| Total Volume (shares) | 1,351 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 686,655 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |